# အလင်းနှင့်အမှောင်



'ဘုရားသခင်က "အလင်းဖြစ်စေ" ဟု မိန့်တော်မူရာ အလင်းဖြစ်လေ၏။ ထိုအလင်းကောင်းသည်ကို ဘုရားသခင်မြင်တော်မူ၏။ ဘုရားသခင်သည် အလင်းနှင့်အမှောင်ကို ပိုင်းခြားတော်မူ၏။ ဘုရားသခင်သည် အလင်းကို နေ့ ဟုခေါ်ဝေါ်၍ အမှောင်ကို ည ဟုခေါ်ဝေါ်တော်မူ၏။ ညချမ်းအချိန်ရောက်ပြီး နံနက်အချိန်ရောက်၏။ ပထမနေ့ရက်ဖြစ်လေ၏။ '

ကမ္ဘာဦးကျမ်း၊ ၁း၃-၅။ GEN.1.3-5

## အလင်း

၀ ဘုရားသခင်သည် အလင်းကိုနေ့ဟု၍ခေါ်သည်။

၀ ဘုရားသခင်သည် အလင်းကိုကောင်းသည်ဟုဆိုသည်။

၀ အလင်းသည် အရာခပ်သိမ်းတို့ကိုထင်ရှားစေသည်။

○ အလင်း၌သွားလာသောသူသည် ထိခိုက်၍လဲသွားခြင်းမရှိ။

○ အလင်းသည် ဘုရားသခင်ကိုပုံဆောင်သည်။

○ နေ့သည်လည်း ဘုရားသခင်ကိုပုံဆောင်သည်။(၁သက်၊၅း၅)။

## အမှောင်

- ဘုရားသခင်သည် အမှောင်ကိုလည်းဖန်ဆင်းသည်။
- ဘုရားသခင်သည် အမှောင်ကိုကောင်းသည်ဟူ၍မတွေ့ရချေ။
- အမှောင်နှင့်အလင်းသည် ဆန့်ကျင်ဖက်ဖြစ်သည်။
- အမှောင်ထက်အလင်းပို၍လူတိုင်းက နှစ်သက်ကြသည်။
- အမှောင်ထဲ၌ ပြဿနာများတတ်သည်။
- အမှောင်သည် စာတန်ကိုပုံဆောင်သည်။
- ညသည်လည်း စာတန်ကိုပုံဆောင်သည်။(၁သက်၊၅း၅)။

## အလင်းထက်အမှောင်ကိုနှစ်သက်

'စီရင်ဆုံးဖြတ်ချက်ကား ဤသို့ဖြစ်၏။ အလင်းသည် ဤလောကသို့ရောက်ရှိပြီဖြစ်သော်လည်း လူတို့သည် မိမိတို့ပြုသောအမှုများမကောင်းသောကြောင့် အလင်းထက် အမှောင်ကို ပို၍နှစ်သက်ကြ၏။ '

ရှင်ယောဟန်ခရစ်ဝင် ၃း၁၉။ JHN.3.19

- ဘုရားသခင်၏အုပ်စိုးခြင်းကိုဝန်မခံသော မိသားစုသည် အမှောင်ထဲမှာပဲ။
- ဘုရားသခင်၏အုပ်စိုးခြင်းကိုဝန်မခံသော အသင်းတော်သည်အမှောင်ထဲမှာပဲ။

- ယုံကြည်သူများ ဘုရားသခင်၏အုပ်စိုးခြင်းကိုဝန်မခံသော အသက်တာသည် အမှောင်ထဲမှာပဲ။
- ယုံကြည်သူများ၌ ဇာတိပကတိနှင့်အသက်ရှင်သောသူများတို့သည်အမှောင်ထဲမှာပဲ။
- ဘုရားမဲ့၊ တရားမဲ့နေ၍ယဇ်မူးသောသူများ၊ ဖဲရိုက်သောသူများ၊ နတ်ပူဇော်သောသူများ၊ မယုံကြည်သူများတို့သည် အမှောင်ထဲမှာပဲ။

## အလင်းကိုမုန်း

'ဆိုးညစ်သောအမှုများကို ပြုကျင့်သောသူတိုင်း အလင်းကိုမုန်းလျက် မိမိပြုသောအမှုများ ဖော်ပြခြင်းခံရမည်ကိုစိုးရိမ်သဖြင့် အလင်းထံသို့မချဉ်းကပ်ကြ။ 'ရှင်ယောဟန်ခရစ်ဝင် ၃း၂၀။ JHN.3.20

- အပြစ်လုပ်တတ်သောသူသည်အလင်းထက်အမှောင်ကိုသာ၍နှစ်သက်သည်။
- အမှောင်ထဲ၌အပြစ်လုပ်လျှင် မည်သူမျှမမြင်သောကြောင့် အလင်းထက်အမှောင်ကိုသာ၍နှစ်သက်ကြသည်။
- အလင်းက အမှောင်ကိုနိုင်၍ အရာခပ်သိမ်းတို့ကို ထင်ရှားစေသောကြောင့် အလင်းထံသို့မည်သူမျှမချဉ်းကပ်ချေ။
- အလင်းသည် အကောင်းနဲ့အဆိုးရှိသမျှကို ထင်ထင်ရှားရှားပေါ်လွင်စေသည်။
- အကျင့်ဆိုးကျင့်သောသူ၊ အပြစ်လုပ်သောသူ၊ ယုံကြည်သူဖြစ်သော်လည်း ဇာတိဖြင့် အသက်ရှင်သောသူများတို့သည် အလင်းထံသို့မချဉ်းကပ်ချေ။

'သမ္မာတရားကိုကျင့်သုံးသောသူမူကား မိမိပြုသောအမှုများသည် ဘုရားသခင်အားဖြင့်ပြုခြင်းဖြစ်ကြောင်း ထင်ရှားစေရန် အလင်းထံသို့ချဉ်းကပ်၏”

ဟု ပြန်၍မိန့်တော်မူ၏။ 'ရှင်ယောဟန်ခရစ်ဝင်၊ ၃း၂၁။ JHN.3.21

'နှုတ်ကပတ်တော်၌ အသက်ရှိ၍ ထိုအသက်သည် လူတို့၏အလင်းဖြစ်၏။ ' ရှင်ယောဟန်ခရစ်ဝင်၊ ၁း၄။ JHN.1.4

## ယုံကြည်သူများသည်လောကအလင်း



' သင်တို့သည် လောက၏အလင်းဖြစ်ကြ၏။ တောင်ပေါ်၌တည်ရှိသော မြို့ကို ကွယ်ဝှက်၍မရနိုင်။ ဆီမီးကိုထွန်း၍ တောင်းအောက်၌ထားလေ့မရှိ။ ဆီမီးခုံပေါ်၌သာ ထားကြသဖြင့် ၎င်းသည် အိမ်၌ရှိသောသူအပေါင်းတို့ကို ထွန်းလင်းပေး၏။ ထိုနည်းတူ လူတို့သည် သင်တို့၏ကောင်းသောအကျင့်များကိုမြင်၍ ကောင်းကင်ဘုံ၌ရှိတော်မူသောသင်တို့အဖ၏ဘုန်းတော်ကိုချီးမွမ်းကြမည့်အကြောင်း သင်တို့၏အလင်းကို သူတို့ရှေ့၌ထွန်းလင်းစေကြလော့။ '
ရှင်မဿဲခရစ်ဝင်၊ ၅း၁၄-၁၆ ။ MAT.5.14-16

- သမ္မာတရား၌ရပ်တည်၍ အသက်ရှင်ရှောက်လှမ်းခြင်းသည် အမှောင်ထဲ၌ ဆီမီးခုံပေါ်မှာ ဆီမီးကိုထွန်းခြင်းဖြစ်သည်။
- အမှန်တရားနဲ့ အသက်ရှင်ခြင်းမဟုတ်ပဲ၊ သမ္မာတရားကိုမှန်ကန်စွာ ပိုင်းခြား၍၊ အသက်တာ အမှောင်ထဲ၌ ဆီမီးခုံပေါ်မှာ ဆီမီးကိုထွန်းခြင်း ဖြစ်သည်။
- အနိမ့်အမြင့်၊ အတက်အကျ၊ မည်သည့်မုန်းတိုင်းလှိုင်းထပါစေ တည်ကြည်စွာဖြင့် အသက်ရှင်ခြင်းသည် အမှောင်ထဲ၌ ဆီမီးခုံပေါ်မှာ ဆီမီးထွန်းခြင်း ဖြစ်သည်။
- အတိုက်အခိုက်၊ ဝေဖန်ပြောဆိုခြင်း၊ စုံစမ်းနှောက်ရှက်ခြင်းအမျိုးမျိုးကြုံရသော်လည်း ဘုရားသခင်ကို အားကိုး၍အသက်ရှင်ခြင်းသည် အမှောင်ထဲ၌ ဆီမီးခုံပေါ်မှာ ဆီမီးထွန်းခြင်းဖြစ်သည်။
- မိမိတို့၏အသက်တာကို မိမိတို့ကိုယ်တိုင်မဦးဆောင်ပဲ ဘုရားသခင်ကိုသာဦးဆောင်စေခြင်းသည် အမှောင်ထဲ၌ ဆီမီးခုံပေါ်မှာ ဆီမီးထွန်းခြင်းဖြစ်သည်။
- နာခံခြင်း၊ စိတ်နှိမ့်ချခြင်း၊ ရိုးသားခြင်း၊ စိတ်ရှည်ခြင်း၊ တည်းခံခြင်း ဖြင့် အသက်ရှင်၍ ပုံသက်သေပြခြင်းသည် အမှောင်ထဲ၌ ဆီမီးခုံပေါ်မှာ ဆီမီး ထွန်းခြင်းဖြစ်သည်။
- 

'တစ်ဖန် ယေရှုသည် လူတို့အားမြွက်ဆိုတော်မူ၍ “ငါသည် ဤလောက၏ အလင်းဖြစ်၏။ ငါ့နောက်သို့လိုက်သောသူသည် မည်သည့်အခါမျှ မှောင်မိုက်၌ သွားလာခြင်းမရှိဘဲ အသက်၏အလင်းကိုရရှိမည်” ဟု မိန့်တော်မူ၏။ '
ရှင်ယောဟန်ခရစ်ဝင်၊ ၈း၁၂။ JHN.8.12

- ခရစ်တော်နောက်ကိုလိုက်သောသူတိုင်းသည် အလင်းဖြစ်ဖို့လိုသည်။
- အလင်းဖြစ်ဖို့ရန် ခရစ်တော်၏အုပ်စိုးခြင်းကိုနေ့တိုင်းဝန်ခံဖို့လိုသည်။
- နှုတ်ကပတ်တော်နှင့် ပြည့်ဝဖို့ရန်လိုသည်။
- သမ္မာတရားကိုလည်း မှန်ကန်စွာပိုင်းခြားသဖြင့် သမ္မာတရား၌ကျင်လည်ဖို့ရန်လိုသည်။
- သန့်ရှင်းသော ဝိညာဉ်တော်ကို ရွေးနှုတ်ခြင်းနေ့ရက်တိုင်းအောင် စိတ်မနာစေဖို့ရန်လိုသည်။
- သန့်ရှင်းသော ဝိညာဉ်တော်ဖြင့်ပြည့်ဝဖို့ရန်လိုသည်။
- သန့်ရှင်းသော အသက်တာဖြင့် အသက်ရှင်ဖို့ရန်လိုသည်။
- ရိုးရိုးသားသား ဘုရားနောက်လိုဖို့ရန်လိုသည်။
- ပျောက်ဆုံးသောဝိညာဉ်များကိုဖမ်းဖို့ရန်လိုသည်။

'ညအချိန်ကုန်လု၍ နေ့အချိန်ရောက်တော့မည်။ ထို့ကြောင့် ငါတို့သည် မှောင်မိုက်ခြင်း၏အကျင့်များကို ဖယ်ရှားလျက် အလင်း၏လက်နက်များကို ဆောင်ယူဝတ်ဆင်ကြကုန်စို့။ 'ရောမသြဝါဒစာ၊ ၁၃း၁၂

**၀ မှောင်မိုက်၏အကျင့်များကိုဖယ်ရှားရန်**

၀ အပျော်ကြူးခြင်း

၀ သောက်စားမူးယစ်ခြင်း

၀ ကိလေသာရှုပ်ထွေးခြင်း

၀ ကာမဂုဏ်လိုက်စားခြင်း

၀ ပဋိပက္ခဖြစ်ခြင်း

၀ မနာလိုခြင်း

'အပျော်ကြူးခြင်းနှင့်သောက်စားမူးယစ်ခြင်းတို့၌လည်းကောင်း၊ ကိလေသာရှုပ်ထွေးခြင်းနှင့်ကာမဂုဏ်လိုက်စားခြင်းတို့၌လည်းကောင်း၊ ပဋိပက္ခဖြစ်ခြင်းနှင့်မနာလိုခြင်းတို့၌လည်းကောင်း မကျင်လည်ကြဘဲ နေ့အချိန်၌လျှောက်လှမ်းသကဲ့သို့ တင့်တယ်လျောက်ပတ်စွာ အသက်ရှင်လျှောက်လှမ်းကြကုန်စို့။ ' ရောမဩဝါဒစာ၊ ၁၃း၁၃

'ကိုယ်တော်သည် အကျွန်ုပ်တို့၏ဒုစရိုက်များကို ရှေ့တော်၌လည်းကောင်း ၊ အကျွန်ုပ်တို့ဝှက်ထားသောအပြစ်များကို မျက်နှာတော်၏အလင်း၌လည်းကောင်း ချထားတော်မူ၏။ ' ဆာလံကျမ်း၊ ၉၀း၈။ PSA.90.8

ဤစာစောင်ကို လေ့လားဖတ်ရှုသူများအားလုံးအပေါ် ဘုရားသခင်ထံမှလာသော သမ္မာတရားနှင့်ဆိုင်သော ကောင်းချီးများသက်ရောက်ပါစေ။